
AIA တစ်သက်တာရွေးချယ် အသက်အာမခံ
UNIVERSAL LIFE
သင့်ဘဝခြေလှမ်းတိုင်းအတွက်
သင်နှင့်အတူ

# AIA Universal Life Insurance
# ကို ဘာကြောင့်ဝယ်ယူသင့်တာလဲ

## လူတိုင်းရဲ့ ဘဝမှာ ရည်မှန်းချက်ပန်းတိုင်ကိုယ်စီရှိကြသလို အနိမ့်အမြင့် အတက်အကျတွေ ရှိစမြဲပါ။

ဘဝအပြောင်းအလဲတွေထဲမှာ ငွေရေးကြေးရေးနဲ့ ကျန်းမာရေးဆိုတာ အရေးအကြီးဆုံး အခန်းကဏ္ဍတွေမှာ ပါဝင်နေစမြဲမို့ ဒီလိုသင့်ဘဝတစ်လျှောက် ကိုယ့်ရဲ့ဘဝရည်မှန်းချက်ပန်းတိုင်နဲ့ အနိမ့်အမြင့် အတက်အကျကြားမှာ သင်နဲ့အတူ လိုက်လျောညီထွေစွာ မိတ်ဆွေကောင်းတစ်ယောက်လို ရပ်တည်ပေးမယ့် AIA Myanmar ရဲ့ Universal Life က သင့်ကိုအများကြီး ပံ့ပိုးကူညီနိုင်ပါတယ်။ **AIA Universal Life Insurance** ဟာ သင့်ဘဝရဲ့ရည်မှန်းချက်ပန်းတိုင်တွေကို ရယူဖို့ သင့်မိသားစုအတွက် အကောင်းဆုံးဆိုတာတွေကို ဖြည့်ဆည်းပေးနိုင်ဖို့အတွက် သင်နဲ့အတူရှိပြီး ကူညီပေးနေမှာပါ။

AIA

## အာမခံပေါ်လစီ အကြောင်းအရာ

### တစ်သက်တာရွေးချယ်အသက်အာမခံ ထားရှိနိုင်သူများ

အသက်အာမခံထားခွင့်ရှိသူ မည်သူမဆို မိမိအသက်ကို အာမခံထားရှိနိုင်ပါသည်။

### တစ်သက်တာရွေးချယ်အသက်အာမခံ ထားရှိနိုင်သည့် အသက်အရွယ်

အာမခံထားသူသည် အာမခံထားသည့်အချိန်တွင် အသက် (၁၀)ရက်သားမှ (၆၅)နှစ်အတွင်းရှိသူ ဖြစ်ရမည်။

### အာမခံသက်တမ်း

တစ်သက်တာ၊ နှစ် ၁၀၀ အထိ ထားရှိနိုင်ပါသည်။


### နှစ်စဉ်အနည်းဆုံး ပေးသွင်းနိုင်မည့် ပရီမီယံ

အနည်းဆုံး (၄)သိန်းကျပ်။

# တစ်သက်တာ ရွေးချယ်အသက်အာမခံ


ဘဝတစ်လျှောက်လုံးအတွက် ပိုမိုကောင်းမွန်ပြည့်စုံသော
အကျိုးခံစားခွင့်များနှင့် အသက်အာမခံအစီအစဉ်

## လုပ်ငန်းလည်ပတ်ပုံ




- ပရီမီယံပမာဏ ပြောင်းလဲနိုင်ခြင်း
- အာမခံအကျိုးခံစားခွင့်များ ပြောင်းလဲနိုင်ခြင်း
- စုဆောင်းငွေပမာဏ ပြောင်းလဲနိုင်ခြင်း
- ဘဝတစ်သက်တာ အသက်အာမခံအကာအကွယ်
- ရင်းနှီးမြှုပ်နှံမှုမှ စုဆောင်းငွေ

သင့်ရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးမည့် ပင်မအကျိုးခံစားခွင့် (၃)မျိုး



## သေဆုံးမှု အကျိုးခံစားခွင့်

အသက်အာမခံထားသူ သေဆုံးပါက အာမခံအကျိုးခံစား
ခွင့်အား တလုံးတည်း ခံစားနိုင်ခြင်း
(အသက် ၁၀၀အထိ အကျုံးဝင်ပါသည်။)

## ထာဝစဉ်မသန်စွမ်း အကျိုးခံစားခွင့်

အသက်အာမခံထားသူ ထာဝစဉ်မသန်စွမ်းဖြစ်ပါက အာမခံ
အကျိုးခံစားခွင့်အား တလုံးတည်း ခံစားနိုင်ခြင်း
(အသက် ၇၀အထိ အကျုံးဝင်ပါသည်။)

## ကင်ဆာရောဂါ အကျိုးခံစားခွင့်

အသက်အာမခံထားသူ ကင်ဆာဖြစ်ပွားပါက အာမခံ
ထားငွေ၏ ၂၅%အား ကြိုတင်ထုတ်ပေးခြင်း
(အသက် ၆၅နှစ်အထိ အကျုံးဝင်ပါသည်။)

## ဆေးလိပ်မသောက်သူများအတွက် အကျိုးခံစားခွင့်

အသက်အာမခံထားသူသည် သေဆုံးချိန်တွင် ဆေးလိပ်မသောက်
သူဖြစ်ပါက အာမခံထားငွေ၏ ၁၀%အား အပိုဆောင်းဆုကြေး
အဖြစ် ခံစားနိုင်ခြင်း

# သင့်တစ်ဘဝလုံးကို လုံခြုံစေမယ့် အကာအကွယ် အကျိုးခံစားခွင့်များ

# ကင်ဆာရောဂါကုသရန်နှင့် လူနေမှုဘဝအားဆက်လက်ထိန်းသိမ်းရန် အာမခံထားငွေ၏ ၂၅% ကြိုတင်ပေးအပ်သွားမည့် ကင်ဆာအကျိုးခံစားခွင့်

ကြိုတင်ကာကွယ်ခြင်းသည် ကုသခြင်းထက်ပိုထိရောက်စမြဲဖြစ်သည်။
US National Cancer Institute ၏ပြောကြားချက်အရ ကမ္ဘာပေါ်ရှိလူများအနက် အသက်(၅၅)နှစ်အထက်ရှိ လူများတွင် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြေနှင့် သေဆုံးနိုင်ခြေအများဆုံးရှိကြောင်း တွေ့ရှိရသည်။ ဒီလိုမထင်မှတ်ထားတဲ့အရာတွေ ဖြစ်လာတဲ့အခါ သင့်ရဲ့ဖြစ်လာနိုင်တဲ့ ငွေရေးကြေးရေးဆုံးရှုံးမှုတွေကို ဘယ်လိုကာကွယ်ရမလဲ ကြိုတင်စီစဉ်ထားပြီးပြီလား။

စိတ်မပူပါနဲ့။ AIA ရဲ့တစ်သက်သာရွေးချယ်အသက်အာမခံနဲ့ဆို အသက်(၆၅)နှစ် မတိုင်မီ ကင်ဆာဖြစ်ပွားမှုအတွက် ကင်ဆာရောဂါအကျိုးခံစားခွင့်တွေ ထောက်ပံ့ပေးသွားမှာပါ။

အသက်အာမခံထားသူသည် အသက် ၆၅နှစ် မပြည့်မီ ကင်ဆာဖြစ်ပွားပါက AIA မှ →

**အာမခံထားငွေ၏ ၂၅%အား ကင်ဆာရောဂါ အထူးအကျိုးခံစားခွင့်အဖြစ် ကြိုတင်ထုတ်ပေးခြင်း**

→ ပေါ်လစီအကျိုးခံစားခွင့်များသည် ဆက်လက်တည်မြဲနေမည် ဖြစ်ပြီး ကင်ဆာအကျိုးခံစားခွင့် ကြိုတင်ထုတ်ပေးငွေအား သေဆုံးမှုနှင့် ထာဝစဉ်မသန်စွမ်း အကျိုးခံစားခွင့်မှ နှုတ်ယူသွားပါမည်။

# ကျန်းမာသော လူနေမှုဘဝတစ်ခုအားနေထိုင်ခြင်းအတွက် ချီးမြှင့်သွားမည့် ဆေးလိပ်မသောက်သူများအတွက်ဆုကြေး

အသက်အာမခံထားရှိသူသည် သေဆုံးချိန်တွင် ဆေးလိပ်မသောက်သူဖြစ်ပါက ပေးအပ်သွားမည့် အပိုဆုကြေး

**လက်ရှိအာမခံထားငွေ၏ ၁၀% အပိုဆုကြေး**

→ မြင့်တက်သွားမည့် အာမခံ အကျိုးခံစားခွင့်များ

(အသက် ၁၅နှစ်နှင့်အထက် ရှိသော အသက်အာမခံထားရှိသူ မည်သူမဆို ဤအကျိုးခံစားခွင့်ကို ခံစားနိုင်သည်။)

# သင့်ရဲ့ငွေကြေးဆိုင်ရာရည်မှန်းချက်ပန်းတိုင်တွေကို အကောင်အထည်ဖော်ပေးမည့် ငွေစုဆောင်းမှု အကျိုးခံစားခွင့်များ

## ရင်းနှီးမြှုပ်နှံမှု အကျိုးခံစားခွင့်

- တိုးရင်းပေါင်းပုံစံဖြင့် မြင့်တက်လာမည့်အတိုး။
- ကုမ္ပဏီမှအတိုးနှုန်းအား ဆုံးဖြတ်ပေးပါသည်။
- ထိုအတိုးနှုန်းသည် အာမခံချက်ပေးထားသော အတိုးနှုန်းထက် မနည်းရပါ။


## ပရီမီယံ ပုံမှန်သွင်းဆုကြေး

- ပေါ်လစီ(၁၀)နှစ်ပြည့်နှင့် (၂၀)နှစ်ပြည့်ချိန်တွင် ရရှိနိုင်သော အပိုဆုကြေး။
- ထိုအပိုဆုကြေးသည် (၁)နှစ်မှ(၁၀)နှစ်အထိ ရရှိခဲ့သည့် စုစုပေါင်းအတိုးနှုန်းနှင့်ညီမျှသော ပမာဏဖြစ်ပြီး ပရီမီယံသွင်းခဲ့သော နှစ်အနည်းအများအလိုက် ရရှိမည့်ပမာဏ ရာခိုင်နှုန်း အပြောင်းအလဲရှိသည်။

## နှစ်စေ့ အကျိုးခံစားခွင့်

- အာမခံထားသူ အသက်(၁၀၀)ပြည့်ချိန်တွင် စာရင်းတန်ဖိုး ၁၀၀% အကျိုးခံစားခွင့်။

# သင့်ရဲ့ရင်းနှီးမြှုပ်နှံမှုကို တိုးပွားစေမည့် တိုးရင်းပေါင်း အတိုးနှုန်းပုံစံ





ရင်းနှီးမြှုပ်နှံမှု အတိုးရငွေသည် အာမခံချက်ပေးထားသော အတိုးရငွေထက် မလျော့နည်းပါ။

| ပေါ်လစီနှစ် | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
|---|---|---|---|---|---|---|---|
| အာမခံချက်ပေးထားသည့် အနည်းဆုံးအတိုးနှုန်း | ၄.၀ % | ၃.၅ % | ၃.၀ % | ၂.၅ % | ၂.၀ % | ၁.၅ % | ၁.၀ % |

# သင့်ရဲ့ပရီမီယံ ပုံမှန် ပေးသွင်းခြင်းအတွက် ချီးမြှင့်မည့် ပရီမီယံပုံမှန်သွင်းဆုကြေး (Loyalty Bonus)




ထိုအပိုဆုကြေးသည် (၁)နှစ်မှ(၁၀)နှစ်အထိ ရရှိခဲ့သည့် စုစုပေါင်းအတိုးနှုန်းနှင့်ညီမျှသော ပမာဏဖြစ်ပြီး ပရီမီယံသွင်းခဲ့သော နှစ်အနည်းအများအလိုက် ရရှိမည့်ပမာဏ ရာခိုင်နှုန်းအပြောင်းအလဲရှိသည်။

# သင့်ရဲ့ပြောင်းလဲနေသော လူနေမှုဘဝနှင့် လိုက်လျောညီထွေရှိစေမည့် ပြောင်းလဲနိုင်သည့် အကျိုးခံစားခွင့်များ

## အာမခံထားငွေပမာဏ ပြောင်းလဲနိုင်ခြင်း

- ပြောင်းလဲနေသော လိုအပ်ချက်အရ အာမခံထားငွေအား ပေါ်လစီ (၃) နှစ်မြောက်မှစ၍ အတိုးအလျှော့လုပ်နိုင်ခြင်း
- အရေးကြီးသော ဘဝဖြစ်စဉ် ၂ ခုအတွက် အာမခံထားငွေ ၂၅% တိုးမြှင့်နိုင်ခွင့်

## စုဆောင်းငွေစာရင်းတွင် ငွေဖြည့်သွင်းခြင်း

- နှစ်စဉ်အကာအကွယ်ပရီမီယံ၏ (၅)ဆအထိ စုဆောင်းငွေစာရင်းတွင် ငွေဖြည့်သွင်းနိုင်ခြင်း

## *ငွေထုတ်ယူသုံးစွဲနိုင်ခွင့်

- ပေါ်လစီ(၃)နှစ်မြောက်မှစ၍ အကန့်အသတ်မရှိ ငွေထုတ်ယူနိုင်ခြင်း၊ ထုတ်ယူခပေးရန် မလိုပါ
- မြန်မာငွေကျပ် ၁၅၀,၀၀၀ မှစ၍ စာရင်းတန်ဖိုး၏ ၈၀% အထိ ငွေထုတ်ယူနိုင်ခြင်း

## *ပရီမီယံ အားလပ်ရက်ယူခြင်း

- ပေါ်လစီ(၅)နှစ်မြောက်မှ စတင်၍ ပရီမီယံပေးသွင်းမှုကို ယာယီရပ်နားနိုင်ခြင်း
- ဝန်ဆောင်ခပေးဆောင်စရာမလိုအပ်ဘဲ ပရီမီယံပေးသွင်းခြင်းကို မည်သည့် အချိန်တွင်မဆို ပြန်လည်စတင်နိုင်ခွင့်

* ငွေစာရင်းတန်ဖိုးပမာဏ လျော့နည်းနိုင်ပြီး ငွေစာရင်းတန်ဖိုး မလုံလောက်ပါက ပေါ်လစီပျက်ပြယ်နိုင်ပါသည်။

# သင့်ရဲ့အရေးကြီးသောဘဝဖြစ်စဉ် များအတွက် အာမခံအကာအကွယ် တိုးမြှင့်နိုင်ခွင့်

အသက် (၆၅)နှစ်မပြည့်မီ အာမခံထားသူမှ အိမ်ထောင်ပြုခြင်း သို့မဟုတ် ကလေးမွေးဖွား ခြင်းပြုလုပ်ပါက အာမခံထားသူသည်

ဆေးစစ်မှုခံယူစရာ မလိုအပ်ဘဲ လက်ရှိအာမခံထားငွေ၏ ၂၅% အထိ အာမခံထားငွေအား တိုးမြှင့်နိုင်ပါသည်။

→ အာမခံအကာအကွယ် တိုးမြှင့်နိုင်ခြင်း

(အသက် ၆၅နှစ်မပြည့်မီ အရေးကြီးသော ဘဝဖြစ်စဉ်၂ခုအတွက် ဤအကျိုးခံစားခွင့်ကို ခံစားနိုင်သည်။)

# ပရီမီယံပေးသွင်းမှုအား လိုအပ်သလို ရပ်နားနိုင်၊ ပြန်လည်စတင်နိုင်သော ပရီမီယံအားလပ်ရက်ယူခြင်း

- ငွေရေးကြေးရေးလိုအပ်ချက်အရ ပရီမီယံပေးသွင်းမှုကို ယာယီရပ်နားထားနိုင်ခြင်း။ (ပေါ်လစီ ၅နှစ်မြောက်မှစ၍)
- စာရင်းတန်ဖိုးထဲတွင် တန်ဖိုးတစ်ခုရှိနေသ၍ ပေါ်လစီသည် ဆက်လက်အသက်ဝင်နေမည်ဖြစ်သည်။ (ပေါ်လစီ မပျက်ပြယ်ပါ)

- ပရီမီယံပေးသွင်းမှုကို မည်သည့်အချိန်တွင်မဆို ပြန်လည်စတင်နိုင်ခြင်း။
- ဝန်ဆောင်ခပေးဆောင်ရန် မလိုအပ်ပါ။

# တစ်သက်တာရွေးချယ် အသက်အာမခံ အလုပ်လုပ်ဆောင်ပုံ

အသက်(၃၁)နှစ်အရွယ် ကိုသူရသည် ရေရှည်အာမခံအကာအကွယ်ရရှိမည့်အပြင် အကျိုးခံစားခွင့်များလည်း ပြုလုပ်နိုင်သည့်အသက်အာမခံတစ်ခုကို ဝယ်ယူရန်စုံစမ်းနေသည်။ သူသည်ဆေးလိပ် မသောက်သူဖြစ်သည်။ သူသည် တစ်သက်တာရွေးချယ်အသက်အာမခံအား အာမခံထားငွေ သိန်း ၁၀၀၀ ကျပ်ဖြင့် ဝယ်ယူခဲ့သည်။

## တစ်သက်တာရွေးချယ် အသက်အာမခံပေါ်လစီအတွင်း

### ကိုသူရ ပေးရမည့်ငွေ

**နှစ်စဉ်ပုံမှန် အကာအကွယ်ပရီမီယံ**
**၉၁၀,၀၀၀ ကျပ်**

### ကိုသူရ ရရှိမည့်ငွေ

**သေဆုံးမှု (သို့) ထာဝစဉ်မသန်စွမ်း အကျိုးခံစားခွင့်**
အာမခံထားငွေ + စာရင်းတန်ဖိုး

**ကင်ဆာရောဂါ အထူးခံစားခွင့်**
အာမခံထားငွေ၏ ၂၅%

**ပရီမီယံပုံမှန်သွင်းဆုကြေး**
၁နှစ်မှ ၁၀နှစ်အထိစုစုပေါင်းအတိုးနှုန်း၏ %အား ပေါ်လစီ ၁၀နှစ်နှင့် နှစ်၂၀ နှစ်ပတ်လည်နေ့များတွင် ပေးအပ်မည်။

**ဆေးလိပ်မသောက်သူများအတွက် ဆုကြေး**
အပိုဆုကြေးအနေဖြင့် အာမခံထားငွေ၏ ၁၀%
(သေဆုံးမှု အကျိုးခံစားခွင့် အတွက်သာအကျုံးဝင်ပါသည်)

**ငွေထုတ်ယူသုံးစွဲနိုင်ခွင့်**
စာရင်းတန်ဖိုး၏ ၈၀%အထိ

**ရင်းနှီးမြှုပ်နှံမှု အကျိုးခံစားခွင့်**
တိုးရင်းပေါင်းပုံစံဖြင့် မြင့်တက်လာမည့်အတိုး

## အကယ်၍ ကိုသူရအသက်(၅၅)နှစ်တွင် သေဆုံးခြင်းဖြစ်ခဲ့ပါက

(နှစ်စဉ် အတိုးနှုန်း ၅ % ဖြင့် ယူဆတွက်ချက်ပါသည်။)

### ကိုသူရ ပေးရမည့်ငွေ

**အသက် (၅၅) နှစ် မတိုင်မီပေးရမည့် ပရီမီယံစုစုပေါင်း ၂၂,၇၅၀,၀၀၀ ကျပ်**

(၉၁၀,၀၀၀ ကျပ်  x ၂၅ နှစ်)

### ကိုသူရ ရရှိမည့်ငွေ

**သေဆုံးမှု အကျိုးခံစားခွင့်**
၁၁၀,၈၁၂,၀၀၀ ကျပ်
(အာမခံထားငွေ + စာရင်းတန်ဖိုး + ပရီမီယံပုံမှန်သွင်းဆုကြေး)

**ဆေးလိပ်မသောက်သူများအတွက် ဆုကြေး**
၁၀,၀၀၀,၀၀၀ ကျပ်

**သေဆုံးချိန်တွင်ရရှိမည့် အကျိုးခံစားခွင့်စုစုပေါင်း**
**၁၂၀,၈၁၂,၀၀၀ ကျပ်**

## အကယ်၍ ကိုသူရအသက်(၅၅) နှစ်တွင် သေဆုံးခြင်းဖြစ်ခဲ့ပါက

(အာမခံချက်ပေးထားသော နှစ်စဉ်အတိုးရငွေနှုန်း)

### ကိုသူရ ပေးရမည့်ငွေ

**အသက် (၅၅) နှစ် မတိုင်မီပေးရမည့် ပရီမီယံစုစုပေါင်း ၂၂,၇၅၀,၀၀၀ ကျပ်**

(၉၁၀,၀၀၀ ကျပ်  x ၂၅ နှစ်)

### ကိုသူရ ရရှိမည့်ငွေ

**သေဆုံးမှု အကျိုးခံစားခွင့်**
၁၀၃,၉၉၁,၀၀၀ကျပ်
(အာမခံထားငွေ + စာရင်းတန်ဖိုး + ပရီမီယံပုံမှန်သွင်းဆုကြေး)

**ဆေးလိပ်မသောက်သူများအတွက်ဆုကြေး**
၁၀,၀၀၀,၀၀၀ ကျပ်

**သေဆုံးချိန်တွင်ရရှိမည့် အကျိုးခံစားခွင့်စုစုပေါင်း**
**၁၁၃,၉၉၁,၀၀၀ ကျပ်**

# အမေးများသော မေးခွန်းများ

## ၁။

### တစ်သက်တာရွေးချယ် အသက်အာမခံဆိုတာဘာလဲ။

တစ်သက်တာရွေးချယ်အသက်အာမခံဆိုတာ ဘဝတစ်သက်တာလုံးကို လုံခြုံအောင်ကာကွယ်ပေးမယ့်အပြင် ငွေလည်းစုဆောင်းလို့ရမယ့် အာမခံအမျိုးအစားဖြစ်ပါတယ်။ သေဆုံးမှု၊ ထာဝစဉ်မသန်စွမ်းမှုတို့အတွက် အကျိုးခံစားခွင့်အပြည့်အဝရမည့်အပြင် ကင်ဆာရောဂါဖြစ်ပွားမှုအတွက်လည်း အကျိုးခံစားမှုတစ်စိတ်တစ်ပိုင်း ပေးအပ်သွားမှာဖြစ်ပါတယ်။ ဒီအာမခံမှာ သင့်ရဲ့စာရင်းတန်ဖိုးမြင့်တက်စေမယ့် ပရီမီယံပုံမှန်သွင်းဆုကြေးဆိုတဲ့ အပိုဆုကြေးလည်း ပေးသွားမှာပါ။ ဒ့ါအပြင် အကျိုးခံစားခွင့်တွေကို လိုအပ်သလိုပြောင်းလဲလို့ရတဲ့ အခြားအကျိုခံစားခွင့်တွေလည်း ပါဝင်ပါသေးတယ်။

## ၂။

### တစ်သက်တာရွေးချယ်အသက်အာမခံကို ဘယ်သူတွေဝယ်လို့ရလဲ။

ဒီအာမခံအစီအစဉ်ကို အသက်(၃၀)ရက်သားမှ (၆၅)နှစ်အတွင်းရှိသူတိုင်း ဝယ်ယူလို့ရပါတယ်။

## ၃။

### တစ်သက်တာရွေးချယ်အသက်အာမခံရဲ့ အနည်းဆုံး ပရီမီယံပမာဏက ဘယ်လောက်လဲ။

မြန်မာကျပ်ငွေ (၄၀၀,၀၀၀) အနည်းဆုံးရှိရုံနဲ့ တစ်သက်တာ ရွေးချယ်အသက်အာမခံကို ဝယ်ယူလို့ရနိုင်ပါတယ်။

## ၄။

### ပရီမီယံအမျိုးအစား ဘယ်နှစ်မျိုးရှိတာလဲ။

ပရီမီယံအမျိုးအစား **(၃)မျိုး** ရှိပါတယ်။

**ပုံမှန်အကာအကွယ် ပရီမီယံ**
ပုံမှန်အကာအကွယ်ပရီမီယံဆိုတာ သင်မျှော်မှန်းထားတဲ့ အကာအကွယ်အကျိုးခံစားခွင့်တန်ဖိုးတစ်ခုရအောင် ပုံမှန်ပေးသွင်းရတဲ့ ပရီမီယံတန်ဖိုးဖြစ်ပါတယ်။

**ပုံမှန်စုဆောင်းငွေပရီမီယံ**
ပုံမှန်စုဆောင်းငွေပရီမီယံဆိုတာ စာရင်းတန်ဖိုးကိုပိုမိုမြင့်တက်အောင် ပုံမှန်အကာအကွယ်ပရီမီယံအပေါ် အပိုထပ်ဆောင်းပေးရတဲ့ ပုံမှန်ပရီမီယံဖြစ်ပါတယ်။

**သီးခြားစုဆောင်းငွေပရီမီယံ**
နှစ်စဉ်အကာအကွယ်ပရီမီယံ၏ (၅)ဆအထိ စုဆောင်းငွေစာရင်းတွင် ငွေဖြည့်သွင်းနိုင်ခြင်းဖြစ်ပါတယ်။

## ၅။

### ပေါ်လစီဝန်ဆောင်ခနဲ့ ကျသင့်ငွေတွေဆိုတာ ဘာလဲ။

**ပရီမီယံခွဲဝေနှုန်း**
ပရီမီယံခွဲဝေနှုန်းဆိုတာ ဒီပေါ်လစီအတွက် ကုမ္ပဏီကသုံးရတဲ့အသုံးစားရိတ်တွေအတွက် ပေးရတဲ့ ဝန်ဆောင်ခပါ။

**အာမခံကျသင့်ငွေ**
အာမခံကျသင့်ငွေဆိုတာ အကာအကွယ်အကျိုးခံစားခွင့်တွေရဖို့ပေးရတဲ့ကျသင့်ငွေပါ။ သင့်ရဲ့ရောက်ရှိနေတဲ့အသက် ကျား/မ အမျိုးအစားနဲ့ အာမခံထားငွေပမာဏပေါ်မူတည်ပြီး အာမခံကျသင့်ငွေကိုတွက်ချက်တာဖြစ်ပြီး အသက်ကြီးလာလေ အာမခံကျသင့်ငွေ မြင့်မားလာလေ ဖြစ်ပါတယ်။

**ပေါ်လစီစီမံခန့်ခွဲခြင်းအတွက် ဝန်ဆောင်ခ**
ပေါ်လစီစီမံခန့်ခွဲခြင်းအတွက် ဝန်ဆောင်ခဟာ ပေါ်လစီဆက်လက်တည်မြဲရေးအတွက်ပေးရတဲ့ ဝန်ဆောင်ခဖြစ်ပါတယ်။

**ငွေကြေးစီမံခန့်ခွဲခြင်းအတွက် ဝန်ဆောင်ခ**
ငွေကြေးစီမံခန့်ခွဲခြင်းအတွက် ဝန်ဆောင်ခဆိုတာ တစ်သက်တာရွေးချယ်အသက်အာမခံရဲ့ရင်းနှီးမြှုပ်နှံမှုငွေတွေကို စီမံခန့်ခွဲခြင်းအတွက် ပေးရတဲ့ဝန်ဆောင်ခ ဖြစ်ပါတယ်။

## ၆။

### တစ်သက်တာရွေးချယ် အသက်အာမခံအတွက် ပေးရတဲ့ပရီမီယံတွေက ဝင်ငွေခွန်သက်သာခွင့်အတွက် အကျုံးဝင်ပါသလား။

ဟုတ်ကဲ့။ မြန်မာနိုင်ငံပြည်တွင်းအခွန်များဦးစီးဌာနရဲ့ အပြီးသတ်ဆုံးဖြတ်ချက်အရ ပေးသွင်းထားတဲ့ ပုံမှန်အကာအကွယ်ပရီမီယံဟာ ဝင်ငွေခွန်သက်သာခွင့်အတွက် အကျုံးဝင်ပါတယ်။

# ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ်များ

## MYANMAR HEALTHCARE

မိသားစုများ မြန်မာနိုင်ငံအတွင်းမှာပင် အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်စေရန် ဆေးရုံနှင့် ဆေးခန်းများတွင် အတွင်းလူနာနှင့် ပြင်ပလူနာဝန်ဆောင်မှုများအတွက် အထူးနှုန်းထားများစီစဉ်ပေးထားခြင်း

- MINGALAR
- AR YU International Hospital
- Myat Taw Win Hospital
- Pun Hlaing Siloam Hospitals
- Bumrungrad Clinic Yangon
- Asia Royal Hospital
- Mandalar Hospital
- Victoria Hospital
- OSC
- z-waka
- DR.SAI Dental & Orthodontic Clinic

## INTERNATIONAL HEALTHCARE

မိသားစုများ အရည်အသွေးပြည့်ဝသော နိုင်ငံတကာကျန်းမာရေးစောင့်ရှောက်မှုများ ရရှိနိုင်စေရန် အပြည်ပြည်ဆိုင်ရာ ဆေးရုံများတွင် အတွင်းလူနာနှင့် ပြင်ပလူနာဝန်ဆောင်မှုများအတွက် အထူးနှုန်းထားများစီစဉ်ပေးထားခြင်း

- Parkway East Hospital
- Mount Elizabeth Singapore
- Gleneagles Singapore
- Bumrungrad International

## FITNESS & SPORT

မိသားစုများ သွက်လက်တက်ကြွတဲ့ ဘဝနေထိုင်မှုပုံစံကို ထိန်းသိမ်းနိုင်ရန် ကိုယ်လက်လှုပ်ရှားမှုဆိုင်ရာ ဝန်ဆောင်မှုများ ကို အထူးနှုန်းထားများ ဖြင့် ရယူနိုင်ခြင်း

- Power House Fitness Club
- Python MMA powered by Elevate

# ပညာရေး အစီအစဉ်များ

## LOCAL UNIVEERSITIES

မိဘများအနေဖြင့် မိမိတို့သားသမီးများ၏ အိပ်မက်ကို ကူညီအကောင်အထည်ဖော်ပေးနိုင်ရန် မြန်မာတက္ကသိုလ်များတွင် တက္ကသိုလ်ဘွဲ့၊ ဘွဲ့လွန်နှင့် ဒီပလိုမာ သင်တန်းများအတွက် ကျောင်းစရိတ် အထူးနှုန်းထားများ ရရှိနိုင်ခြင်း

STRATEGY FIRST

AUSTON

BIY BUSINESS INSTITUTE YANGON

KAPLAN MYANMAR UNIVERSITY COLLEGE

## CREATIVE PROGRAMS

မိဘများအနေဖြင့် မိမိတို့သားသမီးများ၏ တစ်ကိုယ်ရည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသက်မွေးဝမ်းကြောင်းဆိုင်ရာပညာရပ်များသင်ယူလေ့လာနိုင်ရန် ဆန်းသစ်သော သင်ကြားရေးအစီအစဉ်များကို အထူးနှုန်းထားများဖြင့်ရရှိနိုင်ခြင်း

Charis School of Creation

Wall Street English

ilu

**AIA**

Underwritten by:
**AIA Myanmar**
22nd Floor, Junction City Office Tower,
Bogyoke Aung San Road, Pabedan
Township, Yangon, Myanmar

Tel: +95 1 470 5433

ဤလက်ကမ်းစာစောင်တွင် AIA Myanmar Universal Life အသက်အာမခံ၏ အကျဉ်းချုံးဖော်ပြချက်သာ ပါရှိပြီး အချက်အလက်အသေးစိတ်များမပါဝင်ပါ။ AIA Myanmar Universal Life အသက်အာမခံ အကြောင်း ပိုမိုသိရှိလိုပါက AIA Myanmar သို့ AIA အာမခံကိုယ်စားလှယ်ကို ဆက်သွယ်ပြီး AIA Myanmar Universal Life အသက်အာမခံနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို တောင်းယူနိုင်ပါတယ်။ အသက်အာမခံ၏ အကျိုးခံစားခွင့်များ၊ ကန့်သတ်ချက်များ၊ စည်းကမ်းသတ်မှတ်ချက် အသေးစိတ်တို့ကို ပေါ်လစီစာချုပ်တွင် ကြည့်ရှုနိုင်ပါတယ်။

AIA Myanmar သို့ AIA Myanmar အာမခံကိုယ်စားလှယ်ကို ဆက်သွယ်ပြီးလည်း သိလိုသည်များကို တိုက်ရိုက်မေးမြန်းနိုင်ပါတယ်။

aia.com.mm